# ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂ

## University of Yangon Students' Union – UYSU

---

### ၉၁ နှစ်ပြည့် တောင်သူလယ်သမားနေ့ အထိမ်းအမှတ်အဖြစ် တောင်သူလယ်သမားထုထံသို့ပေးပို့သော သဝဏ်လွှာ

(၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်)

၁၉၃၀ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့သည် ဆရာစံဦးဆောင်သော တောင်သူလယ်သမားထုကြီးက ရရာလက်နက်စွဲကိုင်၍ နယ်ချဲ့အစိုးရကို ရှုပ်ရှုပ်ချုံချုံ တော်လှန်တိုက်ခိုက်ခဲ့သော သမိုင်းဝင် နေ့ထူးနေ့မြတ် ဖြစ်သည်။ ထိုသို့ မိမိတို့ကို ကျွန်ပြုနေသော အုပ်စိုးသူတို့အား တွန်းလှန်တိုက်ခိုက်ခဲ့ခြင်းသည် ဗမာပြည်လွတ်လပ်ရေးကြိုးပမ်းမှု၏ မီးရှူးတန်ဆောင် ဖြစ်ခဲ့ပေသည်။ ဒီဇင်ဘာ ၂၂ ရက်နေ့သည် ခေတ်အဆက်ဆက် လွတ်လပ်ရေးတိုက်ပွဲ၊ ငြိမ်းချမ်းရေးတိုက်ပွဲ၊ ဒီမိုကရေစီအရေးတိုက်ပွဲများတွင် အသက်၊ သွေး၊ ချွေးပေါင်းများစွာ စတေးခဲ့ရသော တောင်သူလယ်သမားထုကြီး၏ "တောင်သူလယ်သမားနေ့" ပင် ဖြစ်သည်။

ခေတ်အဆက်ဆက်တွင် တောင်သူလယ်သမားများသည် မြေယာပိုင်ဆိုင်မှုမရှိခြင်း၊ မြေယာခွဲဝေမှု မရရှိခြင်း၊ မြေယာကို မိမိတို့ကိုယ်တိုင် စီမံ အသုံးချနိုင်ခွင့် မရှိခြင်း၊ မတရားသဖြင့် လယ်ယာမြေသိမ်းဆည်းခံရခြင်း၊ သီးနှံစျေးများ အနှိမ်ခံရခြင်း၊ ခေါင်းပုံဖြတ်ခံရခြင်း၊ ထုတ်ပြန်ပြဋ္ဌာန်းထားသော ဥပဒေများ၏ အကာအကွယ်ကင်းမဲ့ခြင်းစသည့် အကျပ်အတည်းများကို ခါးစည်းခံခဲ့ရသည်။

သို့သော်လည်း တောင်သူလယ်သမားထုကြီးသည် ခေတ်အဆက်ဆက် ဂုတ်သွေးစုပ် အမြတ်ထုတ်ခဲ့သော အုပ်စိုးသူတို့ကို ဆန့်ကျင်တွန်းလှန်ခဲ့သလို ယခုနွေဦးတော်လှန်ရေးတွင်လည်း စစ်အာဏာရှင်စနစ် အမြစ်ဖြတ်ချေမှုန်းရေးတိုက်ပွဲတွင် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်နေသည်။

တောင်သူလယ်သမားထုကြီးအပါအဝင် ပြည်သူလူထုတရပ်လုံး ခံစားနေရသော အထွေထွေအကျပ်အတည်းမှ လွတ်မြောက်ရေးအတွက် ပထမဆုံးခြေလှမ်းမှာ စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေးပင်ဖြစ်သည်ဟု ကျွန်ုပ်တို့ ယုံကြည်သည်။ ထို့ကြောင့် ကျွန်ုပ်တို့ ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂအနေဖြင့် စစ်အာဏာရှင်စနစ်အမြစ်ပြတ်ချေမှုန်းရေးအတွက် အဖိနှိပ်ခံတောင်သူလယ်သမားထုကြီးနှင့်အတူလက်တွဲကာ တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း ဤ ၉၁ ပြည့်တောင်သူလယ်သမားနေ့တွင် ထပ်လောင်း ကတိသစ္စာပြုရင်း သဝဏ်လွှာပေးပို့အပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့

ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂ